**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့**

**(အသင်းအဖွဲ့များအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းများ အလွဲအသုံးချမခံရစေရေး ညွှန်ကြားချက်)**

**ညွှန်ကြားချက်အမှတ် (၁/ ၂၀၁၇)**

**နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်**

**(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)**

၁။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(ဂ)တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းချက်နှင့်အညီ လူမှုအဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရေးအတွက် ၂၀၁၄ ခုနှစ်၊ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ပြည်တွင်းလူမှုရေးအသင်းအဖွဲ့နှင့် အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုပေးလျက် ရှိပါသည်။

၂။ အဆိုပါဥပဒေပုဒ်မ ၂၀ (က)နှင့် နည်းဥပဒေအပိုဒ် ၂၃ တို့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့များသည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တစ်နှစ်တစ်ကြိမ် နှစ်ပတ်လည်အစီရင်ခံစာကို ငွေစာရင်းရှင်းတမ်းနှင့်အတူ တင်ပြရမည်ဟုလည်းကောင်း၊ ဥပဒေပုဒ်မ ၂၇ နှင့် ၂၈ တို့အရ အသင်းအဖွဲ့များသည် ပြည်တွင်း/ပြည်ပမှ အထောက်အပံ့များ လက်ခံနိုင်ခွင့်၊ အလှူငွေကောက်ခံနိုင်ခွင့်၊ ဘဏ်စာရင်း ဖွင့်လှစ်နိုင်ခွင့်၊ ရန်ပုံငွေ ဖွင့်လှစ်တည်ထောင်ပိုင်ခွင့်များ ဆောင်ရွက်ခြင်းနှင့် လူမှုရေးကိစ္စများအား ပြန်လည်ထောက်ပံ့လှူဒါန်းခြင်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

၃။ ယင်းသို့ ပြဋ္ဌာန်းခွင့်ပြုထားသော်လည်း မြန်မာနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering) တွင် အဖွဲ့ဝင်ဖြစ်သည်နှင့်အညီ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများကို ငွေကြေးထောက်ပံ့ခြင်းများ မဖြစ်ပွားစေရေး လိုက်နာရန်လိုအပ်ပါသည်။ အသင်းအဖွဲ့များအနေဖြင့် ငွေကြေးများလက်ခံခြင်း၊ ပြန်လည်သုံးစွဲခြင်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ သုံးစွဲရန်နှင့် သုံးစွဲမှုများကို စနစ်တကျစာရင်းရေးသွင်း၍ စစ်ဆေးမှတ်တမ်းတင်ထားရှိကာ နှစ်စဉ် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများအတွက် ငွေကြေးထောက်ပံ့ခြင်းများဖြင့် အလွဲအသုံးချမခံရစေရန် အလေးထား သတိပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အသင်းအဖွဲ့များအနေဖြင့် အသင်းအဖွဲ့ပိုင် ငွေကြေးသုံးစွဲမှုကိစ္စရပ်များတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများအား ငွေကြေးထောက်ပံ့ခြင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်ဆောင်ရွက်ခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်းတစ်စုံတစ်ရာ စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရနိုင်သည်ကို သိရှိသတိပြုနိုင်ပါရန် အသိပေးအကြောင်းကြားပါသည်။

ဥက္ကဋ္ဌ(×××××××××××)

တင်မြင့်၊ အတွင်းရေးမှူး